# အနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ
(အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**အနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာခြင်း**

၁။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ပြဋ္ဌာန်းပေးခဲ့ပြီး အနည်းဆုံးအခကြေးငွေနည်းဥပဒေများကိုလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေနှင့် နည်းဥပဒေများနှင့် အညီ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး ဆိုင်ရာ အမျိုးသားကော်မတီနှင့် ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်း ဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းပေး ခဲ့ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရေးကို လုပ်ငန်းစဉ် ၅ ရပ် ချမှတ်၍ဆောင်ရွက်ခဲ့ပါသည်။

၃။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လက်ရှိအချိန်အထိ အနည်းဆုံးအခ ကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၈)ကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲ အကြိမ်(၃၀) နှင့် ပညာရှင်များ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသော ရပ်မိရပ်ဖများပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲကြီးကိုလည်း ကျင်းပပြုလုပ် ခဲ့ပြီး မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ သဘောထားများနှင့် အကြံပြုချက်များကို ရယူခဲ့ပါ သည်။

၄။ ထိုသို့ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် (၇)ကြိမ်မြောက် အမျိုးသား ကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသ ကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘော ထားမှတ်ချက်များ၊ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သောအမျိုးသားကော်မတီအစည်း အဝေးများ၏ ရလဒ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ် စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ ရရှိလာသော ဆွေးနွေးပွဲ ရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများ အလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့် ဆိုင် ဆွေးနွေးမှုများမှရရှိလာသည့် အဆိုပြု နှုန်းထားများ၊ တစ်နိုင်ငံလုံး ကိုလွှမ်းခြုံ၍ မြို့နယ်ပေါင်း (၁၀၈) မြို့နယ်ရှိ အိမ်ထောင်စုပေါင်း (၂၂၀၃၂) စု၏ နေထိုင်စားသောက်မှုကုန်ကျစရိတ် စာရင်းစစ်တမ်းကောက်ယူမှုမှရရှိခဲ့ သည့် လူတစ်ဦးချင်း၏ ပျမ်းမျှနေထိုင်စားသောက်မှုကုန်ကျစရိတ်နှုန်းထား များနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံး အခြေခံလစာနှင့် နေ့စားအလုပ်သမား များ၏လုပ်ခ စသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြု အနည်းဆုံး အခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၅။ ထိုသို့ ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံရှိအလုပ်သမားများ အတွက် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားနှင့်ပတ်သက်၍ နေရာ ဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ် သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ် လေးရာ့ငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင့်ခြောက်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်း သတ် မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၁၅ ဖြင့် ထုတ်ပြန် ကြေညာပေးခဲ့ပါသည်။

၆။ အဆိုပါ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းနှင့်စပ်လျဉ်း၍ သဘော ထားမှတ်ချက်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လို သည့် အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်သည် အဆိုပြုအနည်းဆုံးအခ ကြေးငွေထုတ်ပြန်သည့် နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း သတ်မှတ် ပေးထားသည့် ပုံစံတွင်ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ (သို့ မဟုတ်) ပြည်နယ်ကော်မတီထံပေးပို့နိုင်ကြောင်းကိုလည်း ထုတ်ပြန်ကြေညာ ပေးခဲ့ပါသည်။

၇။ အဆိုပါကြေညာချက်အရ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကန့်ကွက်ခြင်း၊ ပြင်ဆင် ခြင်း၊ အဆိုပြုခြင်းနှင့် ထောက်ခံခြင်းစသည့် သဘောထားမှတ်ချက်များ အား ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများက ကွင်းဆင်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

၈။ ထိုသို့ဆောင်ရွက်ခဲ့ပြီးနောက် အနည်းဆုံးအခကြေးငွေသတ်မှတ် ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် နေ့တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီ ဥက္ကဋ္ဌများအပါအဝင် ညှိနှိုင်းအစည်းအဝေးထပ်မံကျင်းပ၍ အတည်ပြု အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ရာ မြန်မာ နိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ **တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၄၅၀/-(ကျပ် လေးရာ့ ငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင့်ခြောက်ရာတိတိ) သတ်မှတ်သင့်ကြောင်း နှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှု မရှိကြောင်းကို ကန့်ကွက်သူ မရှိဘဲ သဘောတူအတည်ပြုခဲ့ကြပါသည်။**

၉။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုး အစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် **ကျပ် ၄၅၀/- (ကျပ်လေးရာ့ငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင့်ခြောက်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက် ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင် မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။**

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ**